# ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁ ။)

၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုရှေ့နေချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်းပေးသော ဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သူနှစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုရှေ့နေချုပ်က အမည်စာရင်းပေးသောဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သူနှစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ဥပဒေဘာသာပြန် လုပ်ငန်းကျွမ်းကျင်သည့် တရားလွှတ်တော်ရှေ့နေနှစ်ဦး | အဖွဲ့ဝင် |
| (င) | တက္ကသိုလ်၊ ကောလိပ် အင်္ဂလိပ်စာ ဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား ပါမောက္ခ၊ ကထိကနှစ်ဦး | အဖွဲ့ဝင် |
| (စ) | တက္ကသိုလ်၊ ကောလိပ် ဥပဒေပညာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား ပါမောက္ခ၊ ကထိကနှစ်ဦး | အဖွဲ့ဝင် |
| (ဆ) | တက္ကသိုလ်၊ ကောလိပ် မြန်မာစာဌာနများမှ တာဝန်ထမ်းဆောင်ဆဲ သို့မဟုတ် အငြိမ်းစား ပါမောက္ခ၊ ကထိကနှစ်ဦး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ် ဥပဒေများစိစစ်ရေး ဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | အတွင်းရေးမှူး |
| (ဈ) | ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး" | တွဲဖက်အတွင်းရေးမှူး |

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်